CRPH

COMMITTEE REPRESENTING PYIDAUNGSU HLUTTAW

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်

သတင်းစဉ် အမှတ် (၈)

အာဏာသိမ်းစစ်ကောင်စီ၏ လူမဆန်သော အကြမ်းဖက်လုပ်ရပ်များ အဆုံးသတ်နိုင်ရေး ခိုင်မာသည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးရန် ကုလသမဂ္ဂနှင့် အာဆီယံတို့အား CRPH ဥက္ကဋ္ဌ တောင်းဆိုတိုက်တွန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်ရှိ ပဇီကြီးရွာတွင် အကြမ်းဖက်စစ်တပ်က လေကြောင်းဖြင့်တိုက်ခိုက်ခဲ့မှုကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် ရာနှဲချီတဲ့ပြည်သူများ အပြင်းအထန် ဒဏ်ရာရရှိခဲ့သည့်အပေါ် နိုင်ငံတကာအသိုက်အဝန်းက ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ထိရောက်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် ဗီဒီယိုမက်ဆေ့ဖြင့် ထုတ်ပြန်ပြောကြားခဲ့သည်။

ဥက္ကဋ္ဌ၏ ပြောကြားချက်တွင် "မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ယူပေးရန်၊ လုံခြုံရေးကောင်စီက စစ်တပ်၏ အကြမ်းဖက်မှုများ လုံးဝအဆုံးသတ်နိုင်ရန် ခိုင်မာသည့် ဆုံးဖြတ်ချက် ချမှတ်ပေးရန်၊ အာဆီယံခေါင်းဆောင်များအနေဖြင့် လာမည့် ထိပ်သီးအစည်းအဝေးတွင် လက်တွေ့ကျသည့် လုပ်ငန်းစဉ်များကို အမြန်ဆုံး ချမှတ်ပေးရန်" တောင်းဆိုတိုက်တွန်းခဲ့သည်။

ဥက္ကဋ္ဌ၏ ပြောကြားချက် အပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/statement-video-of-crph-chair-regarding-terrorist-military-juntas-air-attack-on-pazigyi-village-kantbalu-in-sagaing-region/

- ကြေညာချက်များ
- သဝဏ်လွှာများ
- သတင်းထုတ်ပြန်ချက်များ
- ဝန်ကြီးဌာနများနှင့် တွေ့ဆုံမှုသတင်းများ
- စီဒီအမ်များနှင့် တွေ့ဆုံမှုသတင်းများ
- မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုသတင်းများ
- နိုင်ငံတကာဆက်ဆံရေးကဏ္ဍ

APHR ၏ နှစ်ပတ်လည်ဖိုရမ်နှင့် (၁၄၆) ကြိမ်မြောက် IPU Assembly သို့ တက်ရောက် ဆွေးနွေးခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့သည့် ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပခဲ့သည့် APHR ၏ နှစ်ပတ်လည်ဖိုရမ်နှင့် ဘာရိန်းနိုင်ငံ၊ မနားမားမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၄၆) ကြိမ်မြောက် IPU Assembly တို့တွင် တက်ရောက်ဆွေးနွေးခဲ့မှုအခြေအနေများအား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာဝင်းမြတ်အေးနှင့် ဦးနေမျိုးထက်တို့က ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးများတွင် မြန်မာ့အရေးနှင့်ပတ်သက်သည့် ဆွေးနွေးချက်များ၊ တွေ့ဆုံခဲ့သည့် အဖွဲ့အစည်းများနှင့် ယင်းအစည်းအဝေးများမှတစ်ဆင့် CRPH ၏ လွှတ်တော်ရေးရာသံတမန်ဆက်ဆံရေးကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ကော်မတီဝင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။



သတင်းအပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/explains-situations-about-attended-and-discussed-at-aphr-annual-forum-and-146th-ipu-assembly/

'လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ'နှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်သုံးသပ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေး

၃၁-၃-၂၀၂၃ ရက်နေ့တွင် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကော်မတီနှင့် ဥပဒေရေးရာကော်မတီတို့သည် ၃၁-၁-၂၀၂၃ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၃) ဟူ၍ အကြမ်းဖက်စစ်ကောင်စီက တရားမဝင်ထုတ်ပြန်ထားသော 'လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ'နှင့် စပ်လျဉ်း၍ 'လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ' ပါ အချက်များအား လေ့လာသုံးသပ်၍ အားနည်းချက်၊ အားသာချက်၊ တွေ့ရှိချက်များနှင့် တော်လှန်ရေးအင်အားစုများအနေဖြင့် သတိထားဆောင်ရွက်သင့်သည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့ပြီး တရားမဝင်အကြမ်းဖက်စစ်ကောင်စီသည် ထိုမူအား ပြည်သူ့အကျိုးအတွက် ရည်ရွယ်ထုတ်ပြန်ထားခြင်းမဟုတ်ဘဲ ၎င်း၏ စစ်တပ်အင်အား ဆုတ်ယုတ်လာမှုနှင့်အတူ ၎င်း၏ အာဏာ ရေရှည်တည်မြဲရေးအတွက် စစ်ကောင်စီထောက်တိုင်များကို အသုံးချရန်နှင့် ယခင်ကတည်းက ၎င်းတို့အတွင်း ပြန့်ကျဲနေသည့် လက်နက်များအား ပြန်လည်စုစည်းရန်တို့အတွက် ရည်ရွယ်ထုတ်ပြန်ထားခြင်း ဖြစ်ကြောင်း၊ ၎င်းတို့၏ အားနည်းချက်အပေါ် စိုးရိမ်ကြောင့်ကြမှုများကြောင့် ထိုမူအားထုတ်ပြန်ခြင်းဖြစ်ကြောင်းစသည်ဖြင့် အမြင်ချင်းဖလှယ်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

သတင်းအပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-security-and-defense-cmt-and-legal-affairs-cmt/



ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပညာရေး ဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

CRPH ပညာရေးကော်မတီသည် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြုကော်မတီမှ ပညာရေးကော်မတီ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေး ဘုတ်အဖွဲ့များနှင့် ၁-၄-၂၀၂၃ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များ၏ မြေပြင်တွင်ဆောင်ရွက်နေသည့်အခြေအနေများနှင့် ကြုံတွေ့နေရသည့်အခက်အခဲများ၊ လက်ရှိတွင် CDM မဟုတ်သော Volunteer ဆရာ၊ ဆရာမများအဖြစ် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များအတွက် တော်လှန်ရေးအလွန်ကာလတွင် ရရှိနိုင်မည့်အခွင့်အရေးများ၊ CDMer များအတွက် အထောက်အပံ့များနှင့် မြေပြင်အထောက်အပံ့များ ပုံမှန်ရရှိနိုင်ရေး၊ CDM မူဝါဒအား ခိုင်မာသည့်ဥပဒေတစ်ရပ်အဖြစ် အကောင်အထည်ပေါ်လာရေးနှင့် အခြားလိုအပ်သည့်မူဝါဒများ ချမှတ်ပေးနိုင်ရေး တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

သတင်းအပြည့်အစုံကို အောက်ပါလင့်ခ်ဆိုက်လင့်ခ်တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-education-cmt-and-boards-of-education-magway/

ပြည်သူ့ရေးရာကော်မတီသည် CDM Success Committee၊ ဧရာဝတီတိုင်းဒေသကြီးမှ CDMer များနှင့် တွေ့ဆုံဆွေးနွေး



CRPH ၏ ပြည်သူ့ရေးရာကော်မတီသည် CDM Success Committee နှင့်အတူ ဧရာဝတီတိုင်းဒေသကြီးမှ CDMer များ၊ CDM အရေး ဦးဆောင်သူများနှင့် မြေပြင်ချိတ်ဆက်ဆောင်ရွက်နိုင်မှုများ ပြုလုပ်နိုင်ရန် တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်တစ်ရပ်အား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အတွင်းရေးမှူး ဒေါ်ဖြူဖြူသင်းက CDM များ၏ အင်အားသည် တော်လှန်ရေးတွင် အလွန်အရေးပါမှု၊ ပညာရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဇော်ဝေစိုးက CDM Roadmap ရှိပြီး ယန္တရားကို CDM များဖြင့် လည်ပတ်မည့်အနေအထားမှာ အဆင်သင့်ဖြစ်နေမှုနှင့် ပြည်သူ့ရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်စိုးစိုးကြည်တို့က ပြည်သူ့ရေးရာကော်မတီ၏ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းအကောင်အထည်ဖော် ထားရှိမှု၊ CDM ထောက်ပံ့နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက CDM Success Committee ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် Taskforce များဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

သတင်းအပြည့်အစုံကို အောက်ပါလင့်ခ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/pac-meeting-and-discussion-with-cdm-success-cmt-and-cdmer/

ပြည်သူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအား အကာအကွယ်ပေးနိုင်ရေးနှင့်စပ်လျဥ်း၍ တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီရှိ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံအတွင်း စစ်ကောင်စီက ပြည်သူများအပေါ် ကျူးလွန်လုပ်ဆောင်လျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဥ်း၍ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့၌ အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနနှင့် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံ၍ ကော်မတီဥက္ကဌ ဦးဇေလတ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီးပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ၊ ဖွဲ့စည်းရခြင်းရည်ရွယ်ချက်၊ ချမှတ်ထားသောမဟာဗျူဟာများနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အပြစ်ကျူးလွန်သူအပါအဝင် ပါဝင်ပတ်သက်သူအားလုံးကို အပြစ်ပေးအရေးယူနိုင်ရေးနှင့် ပြည်သူများအား အကာအကွယ်ပေးနိုင်ရေးအတွက် နှစ်ဘက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။



သတင်းအပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-regarding-the-protection-of-peoples-human-rights-violations/

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဥ်များအား ရှင်းလင်းတင်ပြ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့သည့် ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် ကဏ္ဍများ၊ အမျိုးသားကျန်းမာရေးညီလာခံနှင့် ဖက်ဒရယ်ကျန်းမာရေးစနစ်ဖော်ဆောင်ရန် အမျိုးသားကျန်းမာရေးနှီးနှောဖလှယ်ပွဲ ကျင်းပခဲ့မှုအခြေ အနေများ၊ တယ်လီကျန်းမာ အခမဲ့အွန်လိုင်းဆေးခန်းနှင့် နွေဦးဆေးခန်းတို့ ဖွင့်လှစ်ဆောင်ရွက်နေမှုများ၊ ကုသရေးလုပ်ငန်းလမ်းညွှန်များ ထုတ်ဝေခြင်း၊ ကျန်းမာရေးပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသုံးစရိတ်များ သုံးစွဲမှုအခြေအနေနှင့် ဝန်ကြီးဌာန အနေဖြင့် ကြုံတွေ့ရသော အခက်အခဲနှင့်စိန်ခေါ်မှုများအား အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် ကော်မတီဝင်များက သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းအကြံပြုမှုများ အပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။



ထို့နောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဆက်လက်ကျင်းပရာတွင် ရေးရာကော်မတီများက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြခဲ့ကြသည်။

သတင်းအပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/nug-moh-explained-status-of-operations-and-next-steps-at-crph-regular-meeting/

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

CRPH ပညာရေးကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များက မြေပြင်တွင်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ချိတ်ဆက်နေမှုများ၊ ကြုံတွေ့နေရသည့်အခက်အခဲများနှင့် အထောက်အပံ့များ ပိုမိုရရှိနိုင်ရေးကိစ္စရပ်များအား ပညာရေးကော်မတီအနေဖြင့် ချိတ်ဆက်မှုများ ပိုမိုအားကောင်းစေရန် ပူးပေါင်းလုပ်ဆောင်နိုင်မည့်လုပ်ငန်းများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့သည်။



သတင်းအပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-of-education-committee-and-boards-of-education-bago-division/

(၂၇၆၂) နှစ်မြောက် ကရင်နီအမျိုးသား နှစ်သစ်ကူးနေ့သို့ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်

(၂၇၆၂) နှစ်မြောက် ကရင်နီအမျိုးသား နှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၁။ ထူးမြတ်သော ကရင်နီအမျိုးသားနှစ်သစ်ကူးနေ့ အချိန်အခါသမယတွင် ကရင်နီအမျိုးသားများနှင့်တကွ တိုင်းရင်းသားပြည်သူများအားလုံး စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် စုစည်းမှုအင်အားကို အခြေတည်လျက် မျှော်ရည်သော ဖက်ဒရယ်ဒီမိုကရေစီ ပန်းတိုင်ဆီသို့ အမြန်ဆုံး ရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၂။ ကရင်နီလူမျိုးများသည် သမိုင်းအစဉ်အလာကောင်းများဖြင့် စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားလေးစားကြသူများဖြစ်ပြီး ဘီစီ ၇၃၉ ခုနှစ်တွင် မွန်ဂိုလီးယားနိုင်ငံ၊ ဂိုဘီ သဲကန္တာရဒေသမှ ရွှေ့ပြောင်းလာခဲ့ကြကာ ကရင်နီပြည်နယ်ကို တည်ထောင်၍ နေထိုင်လာခဲ့ကြပါသည်။ မူလနေထိုင်ရာဒေသမှ စတင်ထွက်ခွာလာခဲ့သည့်နှစ်ကို အစွဲပြု၍ရေတွက်သော ကရင်နီလူမျိုးတို့၏ ကရင်နီသက္ကရာဇ်သည် ယနေ့တွင် (၂၇၆၂) ခုနှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၃။ အကြမ်းဖက်စစ်အာဏာရှင်တို့သည် နိုင်ငံတော်၏အာဏာကို လက်နက်အားကိုးဖြင့် ဥပဒေမဲ့သိမ်းယူခဲ့ပြီးနောက် နိုင်ငံတစ်ဝှမ်းတွင် ပြည်သူလူထုအား မတရားဖိနှိပ် အနိုင်ကျင့်သတ်ဖြတ်လျက်ရှိရာ ကရင်နီပြည်နယ်သည် အဆိုးရွားဆုံး ဖိနှိပ်ခံနေရပြီး ကရင်နီလူမျိုးများသည် ဥပဒေမဲ့ဖမ်းဆီးခံနေရခြင်း၊ လူမဆန်စွာ သတ်ဖြတ်ခံနေရခြင်းများ၊ အိုးအိမ်စည်းစိမ်များအား မီးရှို့ဖျက်ဆီးခံနေရခြင်းများ ရင်ဆိုင်နေကြရပြီး နေရပ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်ရင်း မတရားမှုများအတွက် ခုခံတော်လှန်စစ်တွင် ရဲဝံ့စွာ ပါဝင်တိုက်ပွဲဝင်နေကြပါသည်။ နှစ်ပေါင်း (၇၀) ကျော်ကြာ စစ်အာဏာရှင်

၂

စနစ်ဆိုးကြောင့် စစ်ပွဲများ၊ ယမ်းငွေ့များအကြားမှာ ကရင်နီတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူများ ဒုက္ခများစွာ ရင်ဆိုင်နေရသည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

၄။ ကရင်နီလူမျိုးများ၏ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိမှုနှင့်အတူ ရဲစွမ်းသတ္တိ ပြည့်စုံစွာ တိုက်ပွဲများဖော်ဆောင်လျက် အောင်ပွဲများစွာဖြင့် နွေဦးတော်လှန်ရေးတွင် ပါဝင်ဆင်နွှဲနေသည့်အတွက် လွန်စွာလေးစားဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။ စစ်တလင်းပြင် ဖြစ်နေသော်လည်း ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်နေကြပုံမှာ မြန်မာ့သမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင် မော်ကွန်းထိုးနိုင်မည်ဖြစ်ပြီး အတုယူစံထားရမည့် မျိုးချစ်စိတ်ဓာတ်ကို ပြသလျက်ရှိပါသည်။

၅။ မိမိတို့အားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သည့် အားလုံးတန်းတူညီမျှခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရှိမည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တိုင်းရင်းသားပြည်သူများ၊ တော်လှန်ရေး အင်အားစုများအားလုံးနှင့်အတူ ကြိုးစားတည်ဆောက်သွားမည်ဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဆက်လက်အားထုတ် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ဤ **(၂၇၆၂) နှစ်မြောက် ကရင်နီအမျိုးသား နှစ်သစ်ကူးနေ့** သဝဏ်လွှာအား ဂုဏ်ယူစွာ ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

(၂၃) နှစ်မြောက် ကယန်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်

(၂၃) နှစ်မြောက် ကယန်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၁။ ဒီးမော့ဆိုမြို့နယ်၊ ပန်ပတ်(ကြာလေ့) ကျေးရွာ၌ ကယန်းမျိုးနွယ်စုများမှ ကယန်းဟူသော အမည်နာမတစ်ခုတည်းဖြင့် ပြည်လည်စုစည်းနိုင်ခြင်း၊ ကယန်းအမျိုးသားဘုံစာပေ၊ အမျိုးသား အလံအား သတ်မှတ်ခြင်းကဲ့သို့ ကယန်းအမျိုးသား၏ လူမျိုးစုဆိုင်ရာဝိသေသများကို ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် စုပေါင်းဖော်ဆောင်နိုင်ခဲ့ပြီးနောက် နှစ်စဉ် ဧပြီလ (၁၀) ရက်နေ့ကို ကယန်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ရာ ယနေ့ဆိုလျှင် (၂၃) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၂။ ယနေ့သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ အပြန်အလှန်ယုံကြည်ခြင်းနှင့် လူမျိုးစု အပေါ်ထားရှိသော မျိုးချစ်စိတ်စေတနာ၊ စုပေါင်းအင်အားကို မှန်ကန်စွာ အသုံးချနိုင်ခဲ့ခြင်း တို့ကို ပြန်လည်မြင်စေသည့် ကယန်းတစ်မျိုးသားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သည့် နေ့ထူး နေ့မြတ်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ လူမျိုးစုအသီးသီးတို့၏ စည်းလုံးညီညွတ်ခြင်း အင်အားမှ တစ်ဆင့် ပြည်ထောင်စုအတွင်းရှိ လူမျိုးစုအားလုံး၏ စည်းလုံးညီညွတ်ခြင်းကို တည်ဆောက် သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

၃။ စစ်အာဏာရှင်စနစ်ဆိုးကို လက်တွဲညီညီ တော်လှန်တိုက်ထုတ်နေသည့် ယခု နွေဦး တော်လှန်ရေးတွင်လည်း ညီနောင်တော်လှန်ရေးအင်အားစုအားလုံးနှင့်အတူ ကယန်း တိုင်းရင်းသားများ၏ ပါဝင်မှုသည် ကြီးမားသော အင်အားတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ကယန်း တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် မတူကွဲပြားသည့်

၂

အရောင်အသွေးစုံလင်သော နိုင်ငံတော်သစ်ကို စုပေါင်းအင်အားဖြင့်သာ တည်ဆောက်သွားနိုင် ကြမည် ဖြစ်ပါသည်။

၄။ စစ်အာဏာရှင်များ၏ လူမဆန်သော အကြမ်းဖက်မှုများကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း စစ်မှန်သော လွတ်လပ်မှု၊ တရားမျှတမှုတို့အတွက် ယနေ့ထိတိုင် ကိုယ်ကျိုးကိုမကြည့်ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံကာ တိုက်ပွဲဝင်နေကြသော ကယန်းလူမျိုးများ၏ တော်လှန်ရေးသမိုင်းသည် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေမည်မှာ မုချဧကန်ဖြစ်ပါသည်။ အာဏာသိမ်းစစ်တပ်၏ လူမဆန်သော အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင် နေရသည့် ကယန်းပြည်သူများနှင့်အတူ ထပ်တူခံစားရပါကြောင်းနှင့် စစ်အာဏာရှင်များကို တော်လှန်တိုက်ထုတ်ရင်း ကျဆုံးသွားသော ကယန်းတိုင်းရင်းသား အာဇာနည်သူရဲကောင်းများကို ဂုဏ်ပြုဦးညွှတ်ပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

၅။ ဤ (၂၃) နှစ်မြောက် ကယန်းအမျိုးသားနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ယခင်ထက် ပိုမိုသော စည်းလုံးညီညွတ်မှုများ၊ အပြန်အလှန်နားလည်မှုများ တည်ဆောက်နိုင်ကာ ကယန်း တိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းနေကြသည့် စစ်အာဏာရှင်များ အမြန်ဆုံးအဆုံးသတ်နိုင်ရေးနှင့် ငြိမ်းချမ်းသာယာသော အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးတွင် ခွန်အားသစ်၊ စိတ်သစ်များဖြင့် ဆက်လက် ပါဝင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာကို အကြမ်းဖက်စစ်တပ်က လေကြောင်းဖြင့် တိုက်ခိုက်ခဲ့မှုနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာကို အကြမ်းဖက်စစ်တပ်က လေကြောင်းဖြင့် တိုက်ခိုက်ခဲ့မှုနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်

၁။ ယနေ့မနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်ရှိ ပဇီကြီးရွာတွင် အကြမ်းဖက်စစ်တပ်က လေကြောင်းဖြင့်တိုက်ခိုက်ခဲ့မှုကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေး သူငယ်များ အပါအဝင် အရပ်သားပြည်သူများ ရာနှင့်ချီ၍ ထိခိုက်သေဆုံးခဲ့မှုအပေါ် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ပြင်းထန်စွာရှုတ်ချသည်။ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပြီး ထိခိုက်ဒဏ်ရာရရှိသူ များအနေဖြင့် အမြန်ဆုံးပြန်လည်သက်သာ ပျောက်ကင်းပါစေကြောင်း ဆုတောင်းအပ်ပါသည်။

၂။ ယင်းလုပ်ရပ်သည် လူအစုလိုက်အပြုံလိုက်သေစေရန် မင်းအောင်လှိုင်ဦးဆောင်သည့် အာဏာသိမ်းစစ်တပ်၏ လေကြောင်းဖြင့် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်သည့် နောက်ထပ် စစ်ရာဇဝတ်မှု တစ်ခု ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ကချင်ပြည်နယ်၊ ဖားကန့်ဒေသရှိ အနန့်ပါအား လေကြောင်းဖြင့်တိုက်ခိုက်မှုနောက် ယခုတိုက်ခိုက်မှုသည် ပြည်သူများစွာ ပိုမိုထိခိုက်သေဆုံးခဲ့ရသည်။

၃။ ယခုသီတင်းပတ်များအတွင်း ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အကြမ်းဖက်စစ်ကောင်စီသည် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ခွဲခြားမှုမရှိဘဲ လေကြောင်းဖြင့်ဆက်တိုက် တိုက်ခိုက်လျက်ရှိသည်။ အကြမ်းဖက်စစ်တပ်သည် ဥပဒေမဲ့အာဏာသိမ်းယူရန် ကြိုးပမ်းမှုနောက် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများကို ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်လုပ်ဆောင်လျက်ရှိပါသည်။

၄။ နိုင်ငံတကာအသိုက်အဝန်းက အကြမ်းဖက်စစ်တပ်အပေါ် အရေးယူပေးရန် ဆက်လက် တုံ့ဆိုင်းနေမည်ဆိုပါက မြောက်များစွာသော မြန်မာပြည်သူများ၏ အသက်များစွာ ဆက်လက်ဆုံးရှုံး နေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏အခြေအနေများသည် ယခုထက် ပိုမိုစိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိသွားမည်သာ ဖြစ်ပါသည်။ အကြမ်းဖက်စစ်တပ်၏ ယခုကဲ့သို့ လူမဆန်သည့် အကြမ်းဖက်မှု

၂

များကို ချက်ချင်းအဆုံးသတ်ရန်၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှု များမှ မြန်မာပြည်သူများကို ကာကွယ်ပေးနိုင်ရေး ထိရောက်သော အရေးယူဆောင်ရွက်ချက်များဖြင့် အမြန်ဆုံးပူးပေါင်းတုံ့ပြန်ပေးကြရန် အာဆီယံ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းကို ထပ်လောင်း တောင်းဆိုတိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာကို အကြမ်းဖက်စစ်တပ်က လေကြောင်းဖြင့် တိုက်ခိုက်ခဲ့မှုနှင့် စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်

Source Link >> >> >>

https://asean.org/asean-chairs-statement-on-the-recent-air-strikes-in-pa-zi-gyi-village-kanbalu-township-sagaing-region-of-myanmar/

(၅၅) နှစ်မြောက် ကယောအမျိုးသားနေ့သို့ ပေးပို့သည့်သဝဏ်လွှာ

CRPH

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်

(၅၅) နှစ်မြောက် ကယောအမျိုးသားနေ့သို့ ပေးပို့သည့်သဝဏ်လွှာ

၁။ ယနေ့ကျရောက်သည့် ထူးမြတ်သော ကယောအမျိုးသားနေ့တွင် ကယောတိုင်းရင်းသားများနှင့်အတူ နိုင်ငံတဝှမ်းရှိ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း၍ ဘေးအန္တရာယ်အပေါင်း ကင်းဝေးပါစေကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၂။ ကယောတိုင်းရင်းသားလူမျိုးများသည် ကိုယ်ပိုင်သမိုင်း၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းယဉ်ကျေးမှုများ၊ ဝတ်စားဆင်ယင်မှုများဖြင့် အစဥ်အလာကြီးမားသော လူမျိုးများ ဖြစ်ပါသည်။ ကယောလူမျိုးများ၏ မူလအမည်နာမ ပြန်လည်ရရှိစေရန် တောင်းဆိုဖော်ထုတ်ခဲ့သည့် ၁၉၆၈ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့အား ကယောအမျိုးသားနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်မှာ ယနေ့တွင် (၅၅)နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၃။ ဤနေ့ထူးနေ့မြတ်တွင် တည်ဆောက်ထားရှိခဲ့သည့် ကယောလူမျိုးများ၏ စည်းလုံးညီညွတ်မှုအင်အားကို ဂုဏ်ယူမဆုံးဖြစ်ရသည့်နည်းတူ ခေတ်အဆက်အဆက်တွင် အာဏာရှင်မှန်သမျှအား ခုခံဆန့်ကျင်ခဲ့ကြပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူအခွင့်အရေးတို့ကို အာမခံပေးနိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီ ရရှိနိုင်ရေးအတွက် အစဥ်တစိုက် ကြိုးပမ်းခဲ့ကြသည်မှာလည်း သမိုင်းကသက်သေပြလျက်ရှိပါသည်။ ယခု ကြီးမြတ်သော လူထုနွေဦးတော်လှန်ရေးတွင်လည်း အခြားညီနောင်တိုင်းရင်းသားများနှင့်အတူ ဆက်လက် လက်တွဲပါဝင်ဆင်နွှဲလျက်ရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ဖော်ပြလိုပါသည်။

၂

၄။ မိမိတို့သွေးချင်းညီနောင် တိုင်းရင်းသားပြည်သူများအားလုံးအနေဖြင့် အတိတ်သမိုင်းတွင်သာမက ယနေ့မျက်မှောက်တွင် တွေ့ကြုံခံစားနေကြရသော စစ်အာဏာရှင်စနစ်ဆိုး၏ ရိုက်ခတ်မှုဒဏ်များအား တွဲလက်ခိုင်မာစွာ ကြံ့ကြံ့ခံတွန်းလှန်အောင်မြင်ကာ ပေါင်းစည်းမှုအင်အားဖြင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်လျက် ဤလူထုတော်လှန်ရေးကြီးတွင် အားအင်သစ်များဖြင့် ဆက်လက်ပါဝင်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း ဤ **(၅၅)နှစ်မြောက် ကယောအမျိုးသားနေ့** သဝဏ်လွှာအား ဂုဏ်ယူစွာ ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ